# ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှု (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၃။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ စတင်အာဏာတည်သည့်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင် "အဆိုပါအက်ဥပဒေ"ဟု ရည်ညွှန်းသည့် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၂ ၌ "မိဘ" ဆိုသော စကားရပ်၏ အဓိပ္ပါယ်ဖော်ပြချက်တွင် "အရည်အချင်းချို့ငဲ့သောကလေး" ဆိုသည့် စကားရပ်အစား "တရားမဝင်သောကလေး" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၅၊ အပိုဒ် (က) ၏ခြွင်းချက်တွင် "ထိုသူ၏ အဘသည်၊ နိုင်ငံခြားသားဖြစ်ခဲ့သော်" ဆိုသည့် စကားရပ်အစား "ထိုသူ၏ အဘသည်၊နိုင်ငံခြားတခုခု၏နိုင်ငံသားဖြစ်ခဲ့သော်" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (၄) ၌ "နိုင်ငံခြားသားအဖြစ်ကို စွန့်လွှတ်ကြောင်း" ဆိုသည့် စကားရပ် နောက်တွင် "နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကိုစောင့်သိရိုသေကြောင်း" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၈ အစား အောက်ပါပုဒ်မကို ထည့်သွင်းရမည်—

"၈။ ။မြန်မာပြည်သားပြုမှုအက်ဥပဒေ (The Burma Naturalization Act) ပုဒ်မ ၅ အရ၊ ထုတ်ပေးခဲ့သော မြန်မာပြည်သားပြုမှုလက်မှတ်ရသူနှင့် ထိုလက်မှတ်၌အမည်ပါဝင်သူသည်၊အကျင့်စာရိတ္တကောင်းသူဖြစ်၍၊ အရည်အချင်းချို့ငဲ့သူ မဟုတ်လျှင်၊ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီဖြစ်စေ၊ အရွယ်ရောက်ပြီးတနှစ်အတွင်းဖြစ်စေ၊နိုင်ငံခြားသားအဖြစ်ကိုစွန့်လွှတ်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေမည် ဖြစ်ကြောင်းနှင့် ပြည်ထောင်စု နိုင်ငံသား အဖြစ်ကို ရွေးချယ်ကြောင်းကျေညာလျှင်၊ဤအက်ဥပဒေအရ၊ပြည်ထောင်စု နိုင်ငံသားပြုမှုလက်မှတ်ရလိုကြောင်းလျှောက်ထားနိုင်သည်။

အတိုး—၁၅ ပြား]

ခြွင်းချက်။ ။ဤပုဒ်မပါ ပြဋ္ဌာန်းချက် များသည်၊ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု (ပြင်ဆင်ချက်) အက်ဥပဒေ ထုတ်ပြန်ကြေညာခြင်းမပြုမီ၊ မူလပုဒ်မ ၈ အရ၊ လက်မှတ်ရသူနှင့် သက်ဆိုင်ခြင်း မရှိစေရ၊ သို့ရာတွင် ထိုသူ၏ သားသမီးများနှင့် သက်ဆိုင်ရမည်။''

၆။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၉ တွင်—

(က) ပုဒ်မခွဲ (၁) ၌ ''ပြည်ထောင်စု နိုင်ငံသားပြုမှု လက်မှတ်ကို'' ဆိုသည့် စကားရပ်နောက်တွင် ''၊သို့တည်းမဟုတ် နိုင်ငံသား လက်မှတ်ကို''ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။ ထို့ပြင်

(ခ) ပုဒ်မခွဲ (၃) ၌ ''နိုင်ငံသားပြုမှုလက်မှတ်''ဆိုသည့် စကားရပ် နောက်တွင် ''၊သို့တည်းမဟုတ် နိုင်ငံသားလက်မှတ်''ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၇။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၁၁ တွင်—

(က) ပုဒ်မခွဲ (၂)၊ အပိုဒ် (ဃ) နောက်၌၊ အောက်ပါပြဋ္ဌာန်းချက်ကို အပိုဒ် (င) အဖြစ်ထည့်သွင်းရမည်။

''(င) လျှောက်ထားသူသည်၊ အများပြည်သူ၏အကျိုး ထိခိုက်အောင် အကျင့်စာရိတ္တ ပျက်ပြားသူမဟုတ်ခြင်း။''

(ခ) ပုဒ်မခွဲ (၃) ၌ ''နိုင်ငံခြားသားအဖြစ်ကို စွန့်လွှတ်ကြောင်း'' ဆိုသည့် စကားရပ် နောက်တွင် ''နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၏ကျေးဇူးသစ္စာတော်ကိုစောင့်သိရိုသေကြောင်း''ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၈။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၂ တွင်—

(က) ပုဒ်မခွဲ (၃) အစား အောက်ပါပြဋ္ဌာန်းချက်များကို ထည့်သွင်းရမည်—

''(၃)၊ ပြည်ထောင်စု အတွင်းတွင် ပြည်ထောင်စု၏ အာဏာအောက်၌ထာဝစဉ်နေထိုင်သည့် ပြည်ထောင်စုနိုင်ငံသား မဟုတ်သော မိဘနှစ်ပါးမှ ပြည်ထောင်စုအတွင်းတွင် မွေးဖွါးသူသည်၊ အကျင့်စာရိတ္တကောင်းသူဖြစ်၍၊ အရည်အချင်း ချို့ငဲ့သူမဟုတ်လျှင်၊ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီဖြစ်စေ၊ အရွယ်ရောက်ပြီး တနှစ်အတွင်းဖြစ်စေ နိုင်ငံသားလက်မှတ်ရလိုကြောင်း လျှောက်ထားနိုင်သည်။ သို့ရာတွင် ထိုသူသည် ထိုအခါက ပြည်ထောင်စုတွင် ထာဝစဉ်နေသူဖြစ်ရမည်။

ရှင်းလင်းချက်။ ။လျှောက်ထားရမည့် အချိန်အခါ၌ မိဘနှစ်ဦးလုံး သေဆုံး၍၊ တဦးဦးသေဆုံး၍ နိုင်ငံသားလက်မှတ်၊ သို့တည်းမဟုတ်နိုင်ငံသားပြုမှုလက်မှတ်ကိုရယူပြီးဖြစ်လျှင်လည်း ထိုသူသည် နိုင်ငံသားလက်မှတ်ကို လျှောက်ထားနိုင်သည်ဟုမှတ်ယူရမည်။''

(ခ) ပုဒ်မခွဲ(၄)၌ "နိုင်ငံခြားသား အဖြစ်ကို စွန့်လွှတ်ကြောင်း" ဆိုသည့်စကားရပ်နောက်တွင် "နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရှိသေကြောင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၉။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၁၂ နောက်တွင် အောက်ပါပြဋ္ဌာန်းချက်များကို ပုဒ်မ ၁၂-က နှင့် ၁၂-ခ အဖြစ်ဖြင့်ထည့်သွင်းရမည်—

"၁၂-က။ ။(၁) အခြေခံ ဥပဒေ စတင် အာဏာ မတည်မီက ပြည်ထောင်စုနိုင်ငံတွင်ပါဝင်လတ္တံ့သောအာဏာပိုင်နက်အတွင်း မွေးဖွါးသူ၏၊ မိဘကပါးပါးမှာ အခြေခံဥပဒေ ပုဒ်မ ၁၁၊ အပိုဒ် (ခ) အရ၊ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်လျှင်၊သို့တည်း မဟုတ် ထိုမိဘမှာ၊ အခြေခံဥပဒေ စတင်အာဏာ တည်သည့် နေ့တွင် အသက်ရှင်နေသည်ဖြစ်ပါက၊ အခြေခံဥပဒေ ပုဒ်မ ၁၁၊ အပိုဒ် (ခ)အရ သော်၎င်း၊ အပိုဒ် (ဂ)အရ သော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ်ကို ရယူခွင့်ရှိလျှင်၊ ထိုသူသည်၊ အရည်အချင်း ချို့ငဲ့သူမဟုတ်လျှင်၊ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ မတိုင်မီဖြစ်စေ၊ အရွယ်ရောက်ပြီး တနှစ်အတွင်း၌ဖြစ်စေ၊ နိုင်ငံသား လက်မှတ်ရလိုကြောင်း လျှောက်ထားနိုင်သည်။ သို့ရာတွင် ထိုသူသည် ပြည်ထောင်စုတွင် ထာဝစဉ်နေသူဖြစ်ရမည်။

(၂) လျှောက်ထားသူသည်၊ ကျမ်းသစ္စာဆို၍သော်၎င်း၊ ကတိသစ္စာဆို၍သော်၎င်း၊ နိုင်ငံခြားသားအဖြစ်ကို စွန့်လွှတ်ကြောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရှိသေကြောင်းကြေညာခြင်းမပြုသမျှကာလပတ်လုံး ပုဒ်မခွဲ (၁) အရ၊ ပေးအပ်သည့်နိုင်ငံသားလက်မှတ်သည် အတည်မဖြစ်စေရ။

၁၂-ခ။ ။၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု (ပြင်ဆင်ချက်) အက်ဥပဒေ ထုတ်ပြန်ကြေညာခြင်းမပြုမီက၊ ထုတ်ပေးပြီးဖြစ်သော နိုင်ငံသားပြုမှုလက်မှတ်တွင်၊သို့တည်းမဟုတ် နိုင်ငံသားလက်မှတ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေပါမည်ဟူသော ကြေညာချက် မပါသောကြောင့် ထိုလက်မှတ်သည် ပျက်ပြယ်သည်ဟု မမှတ်ယူရ။"

၁၀။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၄ နောက်တွင် အောက်ပါပြဋ္ဌာန်းချက်များကို ပုဒ်မ ၁၄-က နှင့် ပုဒ်မ ၁၄-ခ အဖြစ်ဖြင့်ထည့်သွင်းရမည်—

"၁၄-က။ ။(၁) ပြည်ထောင်စုနိုင်ငံသားဖြစ်လျက်၊ နိုင်ငံခြားတခုခု၏တရားဥပဒေကြောင့် ထိုနိုင်ငံ၏ နိုင်ငံသားအဖြစ်ကိုလည်း ရရှိသူသည်—

(က) ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီဖြစ်စေ၊

(ခ) အရွယ်ရောက်ပြီးတနှစ်အတွင်းဖြစ်စေ၊
(ဂ) နိုင်ငံခြားအစိုးရက ထိုတရားဥပဒေကို ပြဋ္ဌာန်းသည့်နေ့မှတနှစ်အတွင်းဖြစ်စေ၊

၎င်းသုံးရပ်အနက် မိမိအတွက်အချိန်အများဆုံးရသည့် ကာလအတွင်း၊ထိုနိုင်ငံခြားသားအဖြစ်ကို၊ သက်ဆိုင်ရာနိုင်ငံခြား၏တရားဥပဒေနှင့်အညီစွန့်လွှတ်ပြီးကြောင်းဝန်ကြီးထံသို့ အစီရင်ခံစာတင်သွင်းခြင်းမရှိလျှင်၊ ထိုကာလ ကုန်ဆုံးသည့်အခါ၌၊ ထိုသူသည်၊ ပြည်ထောင်စုနိုင်ငံသားအဖြစ်မှ ရပ်စဲသည်ဟုမှတ်ယူရမည်။

သို့ရာတွင် တဦးတယောက်သောသူသည်၊ လုံလောက်သော အကြောင်းကြောင့် အချိန်မှီအစီရင်ခံစာမတင်သွင်းနိုင်ဟု ဝန်ကြီးကထင်မြင်လျှင်၊ ဝန်ကြီးသည်၊ ထိုသူအတွက်သင့်လျော်သော အချိန်တိုး၍ပေးနိုင်သည်။

(၂) အခြေခံဥပဒေပုဒ်မ ၁၁၊ အပိုဒ် (က)၊ (ခ)နှင့်(ဂ) တခုခုအရသော်၎င်း၊ ၎င်းအက်ဥပဒေ ပုဒ်မ ၄ (၂) နှင့်ပုဒ်မ ၅ (ခ) တခုခုအရသော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်သည်ဟု အသိအမှတ်ပြုခြင်းခံရသူသည်၊ နိုင်ငံခြားသံရုံးတွင် နိုင်ငံခြားသားအနေနှင့်မှတ်ပုံတင်ခြင်း၊ သို့တည်းမဟုတ် သက်ဆိုင်ရာ နိုင်ငံခြားအစိုးရထံမှ နိုင်ငံခြားသားအနေနှင့် နိုင်ငံကူးလက်မှတ်ရယူခြင်းမရှိလျှင်၊ ပုဒ်မခွဲ (၁) ဝါပြဋ္ဌာန်းချက်များသည်၊ ထိုသူနှင့်သက်ဆိုင်ခြင်းမရှိစေရ။

(၃) ပုဒ်မခွဲ (၂)၌ ရည်ညွှန်းသောသူသည်၊ အရည်အချင်း ချို့ငဲ့သူလည်းမဟုတ်မူ၍ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ဆိုက်ရောက်ပြီးသည့်နောက် နိုင်ငံခြားသံရုံးတွင် နိုင်ငံခြားသားအနေနှင့်မှတ်ပုံတင်သွင်းခြင်း၊ သို့တည်းမဟုတ် သက်ဆိုင်ရာနိုင်ငံခြားအစိုးရထံမှ နိုင်ငံခြားသားအနေနှင့် နိုင်ငံကူးလက်မှတ် ရယူခြင်းကိုပြုလျှင်၊ ယင်းသို့ ပြုသည်နှင့်တပြိုင်နက် ပြည်ထောင်စု မြန်မာနိုင်ငံသားအဖြစ်မှ ရပ်စဲပြီဟုမှတ်ယူရမည်။

၁၄-ခ။ ။ပုဒ်မ ၁၄ အရသော်၎င်း၊ ပုဒ်မ ၁၄-က အရသော်၎င်း၊ ပြည်ထောင်စုနိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းခံရသူသည်—

(က) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁၊ အပိုဒ် (က)၊ သို့တည်းမဟုတ် အပိုဒ် (ခ)၊ သို့တည်းမဟုတ် အပိုဒ် (ဂ)၊ သို့တည်းမဟုတ်၎င်းအက်ဥပဒေပုဒ်မ ၅ (ခ) ပါအရည်အချင်းနှင့်ပြည့်စုံလျှင်၊ ထို့ပြင်

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ထာဝစဉ်ပြန်လည်နေထိုင်ပါမည်၊ နိုင်ငံခြားသားအဖြစ်ကို သက်ဆိုင်ရာနိုင်ငံခြား၏တရားဥပဒေနှင့်အညီ စွန့်လွှတ်ပါမည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေပါမည်ဟူ၍ ခံဝန်ချက်ပေးလျှင်၊

ဝန်ကြီးကမိမိသဘောအတိုင်း၊ထိုသူအား ပြည်ထောင်စုမြန်မာနိုင်ငံသား အဖြစ်ကိုပြန်လည်ရယူစေရန်ခွင့်ပြုနိုင်သည်။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။''

၁၁။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၉ တွင်—

(က) အပိုဒ် (ခ)၌ '' အနည်းဆုံး ၁၂ လထောင်ဒဏ် '' ဆိုသည့် စကားရပ်အစား '' ၁၂ လအောက်မနည်းသည့် ထောင်ဒဏ် သော်၎င်း၊ကျပ်ငွေ ၁,၀၀၀ိ အောက်မနည်းသည့်ငွေဒဏ်သော် ၎င်း၊ '' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) အပိုဒ် (ဃ). နောက်၌အောက်ပါပြဋ္ဌာန်းချက်များကို အပိုဒ် (င) နှင့် (စ) အဖြစ်ဖြင့်ထည့်သွင်းရမည်—

''(င) နိုင်ငံသားပြုမှုလက်မှတ်၊ သို့တည်းမဟုတ် နိုင်ငံသားလက်မှတ် ပေးအပ်ခြင်းခံရသည့်အခါ၌၊ ထိုသူသည်၊ အများပြည်သူ၏ အကျိုးထိခိုက်အောင် အကျင့်စာရိတ္တပျက်ပြားခြင်း၊ သို့တည်း မဟုတ်၊

(စ) နိုင်ငံသားပြုမှုလက်မှတ်၊ သို့တည်းမဟုတ် နိုင်ငံသားလက်မှတ် ပေးအပ်ခြင်းခံရသူအား ဆက်လက်၍ ထိုလက်မှတ်ပေးအပ် ထားလျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ လုံခြုံမှုကိုသော်၎င်း၊ ငြိမ်ဝပ်ပိပြားရေးကိုသော်၎င်း၊ အကျိုးစီးပွါးကိုသော်၎င်း၊ ဖျက်ပြားနစ်နာစေမည်ဖြစ်ခြင်း၊ သို့တည်းမဟုတ် ''

(ဂ) ရှိရင်းအပိုဒ် (င) ကို အပိုဒ် (ဆ) အဖြစ်ဖြင့်ပြန်လည်အက္ခရာ စဉ်ရမည်၊ ထို့ပြင်

(ဃ) ပြန်လည် အက္ခရာစဉ်ထားသည့် အပိုဒ် (ဆ) နောက်တွင် အောက်ပါပြဋ္ဌာန်းချက်များကို ပုဒ်မ ၁၉ ၏ခြွင်းချက်များအဖြစ် ဖြင့် တည့်သွင်းရမည်—

''ခြွင်းချက်။ ။သို့ရာတွင် နိုင်ငံသားပြုမှုလက်မှတ်၊ သို့တည်းမဟုတ် နိုင်ငံသားလက်မှတ်ပေးအပ်သည့်နေ့မှစ၍ သုံးနှစ်ကျော်လွန် ပြီးနောက်၊ အပိုဒ် (င) ပါကိစ္စကြောင့် အရေးယူခြင်း မရှိ စေရ။

။ ။သို့ရာတွင် နိုင်ငံသားပြုမှုလက်မှတ်၊ သို့တည်းမဟုတ် နိုင်ငံသားလက်မှတ် ပေးအပ်သည့်နေ့မှစ၍ ငါးနှစ်ကျော် လွန်ပြီးနောက်၊ အပိုဒ် (စ) ပါကိစ္စကြောင့် အရေးယူခြင်း မရှိစေရ။''

၁၂။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၀ အစား အောက်ပါပုဒ်မကိုထည့်သွင်း ရမည်—

''၂၀။ ။(၁) ဝန်ကြီးသည်၊ နိုင်ငံသားပြုမှုလက်မှတ်ကိုဖြစ်စေ၊ နိုင်ငံ သားလက်မှတ်ကိုဖြစ်စေ၊ပြန်လည်ရုပ်သိမ်းရန်အမိန့်မချမီ၊မိမိသင့် လျော်သည် ထင်မြင်ပါက၊ အောက်တွင် ဖော်ပြထားသည့်

အတိုင်း၊ စုံစမ်းစစ်ဆေးစေခြင်းအလို့ငှါ၊ ထိုကိစ္စကိုလွှဲအပ်နိုင်သည်။ ထို့ပြင် ပုဒ်မ ၁၇၊ သို့တည်းမဟုတ် ပုဒ်မ ၁၉၊ ဒပိုဒ် (က)၊ (ဂ)၊ (စ) နှင့် (ဆ) တခုခုနှင့် သက်ဆိုင်သောကိစ္စတွင်၊ ဝန်ကြီးသည်၊ ထိုလက်မှတ်ရရှိသူထံ နို့တစ်စာပေးအပ်ခြင်းဖြင့်သော်၎င်း၊ ထိုလက်မှတ်ရသူ၏နောက်ဆုံးသိရှိရသောနေရပ်သို့ နို့တစ်စာပေးပို့ခြင်းဖြင့်သော်၎င်း၊ ထိုကိစ္စကိုစုံစမ်းစစ်ဆေးစေခြင်းအလို့ငှါ၊ လွှဲအပ်ပေးရန် တောင်းဆိုနိုင်ခွင့်ကို ထိုသူအားပေးရမည်။ ထို့ပြင် ထိုသူက နို့တစ်စာနှင့်အညီ စုံစမ်းစစ်ဆေးစေရန် အခွင့်အရေးကိုတောင်းဆိုခဲ့လျှင်၊ ထိုကိစ္စကိုစုံစမ်းစစ်ဆေးစေရန် ဝန်ကြီးကလွှဲအပ်ရမည်။

(၂) ဤပုဒ်မအရ၊ စုံစမ်းစစ်ဆေးခြင်းကို၊ ထိုသူနေထိုင်ရာခရိုင်၊ သို့တည်းမဟုတ် ပြည်ထောင်စုအတွင်း၊ ထိုသူနောက်ဆုံး နေထိုင်ရာခရိုင်နှင့်သက်ဆိုင်သော တရားမခရိုင် တရားသူကြီးက ဆောင်ရွက်ရမည်။ ရန်ကုန်ခရိုင်တွင် ရန်ကုန်မြို့တော်တရားမရုံးတရားသူကြီးချုပ်က ဆောင်ရွက်ရမည်။ စုံစမ်းစစ်ဆေးရာတွင် လိုက်နာရမည်ဖြစ်သောကျင့်ထုံးသည်၊ တရားမမှုလမှုအတွက် တရားမကျင့်ထုံးဥပဒေတွင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်။

(၃) တရားမခရိုင်တရားသူကြီး၊ သို့တည်းမဟုတ် ရန်ကုန်မြို့တော်တရားမရုံးတရားသူကြီးချုပ်၏ဆုံးဖြတ်ချက်ကို မကျေနပ်သည့် အမှုသည်က တရားလွှတ်တော် အယူခံဘက်ဆိုင်ရာသို့၊ ထိုဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံဝင်နိုင်သည်။ တရားမကျင့်ထုံးအမိန့် ၄၁ ဝါ ပြဋ္ဌာန်းချက်များသည်၊ ထိုအယူခံမှုများနှင့်လည်းသက်ဆိုင်စေရမည်။ တရားလွှတ်တော်၏ဆုံးဖြတ်ချက်သည်၊ အပြီးအပြတ်အတည်ဖြစ်ရမည်။

(၄) ဆုံးဖြတ်ချက်၏မိတ္တူမှန်ကို ဆိုင်ရာတရားရုံးအသီးသီးက ဝန်ကြီးထံသို့ပေးပို့ရမည်။”

ပ၊မ၊ပြ၊စ၊—အမှတ် ၁၃၃၊ တရားရေးဝန်ကြီးဌာန၊ ၁၈-၅-၅၄—၂,၀၀၀—၂။